ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ

## လေ့ လာ ခြင်း ဆိုင် ရာ လုပ် ငန်း လမ်း ညွှန် နှင့်
## ပြည် တွင်း ရွေး ကောက် ပွဲ လေ့ လာ သူ များ ၏ ကျင့် ဝတ် များ



STEP DEMOCRACY
ရှေ့သို့မြန်မာ

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE
25TH ANNIVERSARY 1995-2020

Funded by
EUROPEAN UNION

# ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ
# လေ့လာခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်

# အမှာစာ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်မှု၊ တရားမျှတမှု၊ ပွင့်လင်းမြင်သာမှု၊ အများပြည်သူ ယုံကြည်လက်ခံမှု၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းကျမှုဟူသည့် စံ(၅)ချက်ဖြင့် ပြည့်စုံစေရန် ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာနိုင်ရေးအတွက် ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများကို ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် လေ့လာခွင့်ပြုသွားမည်ဖြစ်ပါသည်။

ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ရွေးကောက်ပွဲများ လေ့လာရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာရန်၊ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းရန်၊ ဘက်လိုက်မှုမရှိစေရန်၊ ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားရန်၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များ ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်၊ မိမိတို့၏တာဝန်ကို စေတနာပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် စသည့် ရွေးကောက်ပွဲလေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ လေ့လာသွားရန်ဖြစ်ပြီး မှန်ကန်၍ ဘက်လိုက်မှုကင်းသည့် အစီရင်ခံစာများတင်ပြခြင်းဖြင့် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်ဖြစ်သော ရွေးကောက်ပွဲစနစ်ကို ကောင်းမွန်စွာ ရှင်သန်ခိုင်မာစေမည် ဖြစ်ပါသည်။

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများအနေဖြင့် ကော်မရှင်၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်များနှင့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**(လှသိန်း)**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ လေ့လာခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး | ၁ |
| | အဖွဲ့များနှင့်ရွေးကောက်ပွဲလေ့လာသူများအတွက် သတ်မှတ်ချက်များ | |
| ၃။ | အသိအမှတ်ပြုရန်လျှောက်ထားခြင်း | ၂ |
| ၄။ | အသိအမှတ်ပြုလျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်း | ၃ |
| ၅။ | အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း | ၄ |
| ၆။ | သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ | ၅ |
| ၇။ | အသိအမှတ်ပြုလွှာသက်တမ်း | ၅ |
| ၈။ | ရွေးကောက်ပွဲလေ့လာရေးနယ်မြေ | ၅ |
| ၉။ | လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ | ၆ |
| ၁၀။ | ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ အခွင့်အရေးနှင့် တာဝန်များ | ၇ |
| ၁၁။ | အရေးယူခြင်း | ၁၀ |
| ၁၂။ | ရွေးကောက်ပွဲလေ့လာရေးအစီရင်ခံစာ | ၁၁ |
| ၁၃။ | နိဂုံး | ၁၂ |

# ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ လေ့လာခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်

## နိဒါန်း

၁။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၁၈/၂၀၂၀)ဖြင့် လည်းကောင်း၊ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာ အမှတ် (၂၀/၂၀၂၀) ဖြင့်လည်းကောင်း ထုတ်ပြန်ပေးခဲ့ပါသည်။

၂။ ယင်းသို့ထုတ်ပြန်ချက်များအား ကော်မရှင်၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများက ပေါင်းစပ်ညှိနှိုင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင်လည်းကောင်း၊ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများအနေဖြင့် ရွေးကောက်ပွဲလေ့လာခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လည်းကောင်း ပိုမိုတိကျလွယ်ကူစေရန် ရည်ရွယ်၍ ဤလုပ်ငန်းလမ်းညွှန်ကို ပြုစု ထုတ်ပြန်ခြင်းဖြစ်ပါသည်။

## ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများအတွက် သတ်မှတ်ချက်များ

၃။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲလေ့လာသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည် -

(က) ပါတီစွဲ၊ ဒေသစွဲ၊ ဌာနစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲနှင့် ပုဂ္ဂိုလ်စွဲ ကင်းရမည်။

( ခ ) ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတစ်ခုခုတွင် အသိအမှတ်ပြုခံရသည့် အဖွဲ့/ပုဂ္ဂိုလ်ဖြစ်ရမည်။

( ဂ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများ၊ နည်းဥပဒေများ၊

အမိန့်၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ရမည်။

## အသိအမှတ်ပြုရန်လျှောက်ထားခြင်း

၄။ ရွေးကောက်ပွဲလေ့လာလိုသည့် ပြည်တွင်းအဖွဲ့များသည် ရွေးကောက်ပွဲလေ့လာရေးလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်အတွက် ကော်မရှင် နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့က သတ်မှတ်ထားသည့် လျှောက်လွှာ **(ပူးတွဲ က)**၊ **(ပူးတွဲ က-၁)**နှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ဝန်ခံကတိပြုလွှာ**(ပူးတွဲ ဃ)**တို့ကို ရယူဖြည့်သွင်း၍ အသိအမှတ်ပြုရန် လျှောက်ထားရမည်။ ယင်းပုံစံများကို ကော်မရှင် website မှ ရယူနိုင်သည်။

၅။ ရွေးကောက်ပွဲလေ့လာလိုသည့် ပြည်တွင်းအဖွဲ့များသည် အသိအမှတ်ပြုလျှောက်လွှာနှင့်အတူ အဖွဲ့၏ဝန်ခံကတိပြုလွှာကိုပူးတွဲ၍ အောက်ဖော်ပြပါအတိုင်း လျှောက်ထားရမည် -

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုထက်ပို၍ လေ့လာမှုပြုလိုပါက ကော်မရှင်တွင် လျှောက်ထားရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ခရိုင်တစ်ခုထက်ပို၍ လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

( ဂ ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်အတွင်းရှိ မြို့နယ်တစ်မြို့နယ် ထက်ပို၍ လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲတို့တွင် လျှောက်ထားရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင် သို့မဟုတ် မြို့နယ်တစ်ခုတည်းတွင် လေ့လာမှုပြုလိုပါက သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတွင် လျှောက်ထားရမည်။

၆။ အသိအမှတ်ပြုရန်လျှောက်လွှာကို ကော်မရှင်က သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားရမည်။

## အသိအမှတ်ပြုလျှောက်လွှာများ စိစစ်ခြင်း၊ ခွင့်ပြုခြင်း

၇။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် အသိအမှတ်ပြုလျှောက်လွှာများကို အောက်ပါနည်းလမ်းများအတိုင်း စိစစ်ဆောင်ရွက်ရမည် -

(က) ရွေးကောက်ပွဲလေ့လာလိုသော ပြည်တွင်းအဖွဲ့များမှ တင်သွင်းလာသော လျှောက်လွှာများကို စာရွက်စာတမ်းများ ပြည့်စုံခြင်း ရှိ/မရှိ လျှောက်လွှာ **လက်ခံရရှိချိန်မှစ၍ ၃ ရက်**အတွင်း စိစစ်ရမည်။

( ခ ) စာရွက်စာတမ်းမပြည့်စုံသည့် ရွေးကောက်ပွဲလေ့လာလိုသောအဖွဲ့များအား စာရွက်စာတမ်းများ ပြည့်စုံစွာ ဆောင်ရွက်ရန်အတွက် အကြောင်းကြားစာရရှိသည့် နေ့ရက်မှစ၍ **၅ ရက်**အတွင်း ပြန်လည်တင်ပြရန်အတွက် မှတ်ချက်ဖြင့် ပေးပို့ရမည်။

( ဂ ) လျှောက်ထားလွှာများ၊ စာရွက်စာတမ်းများပြည့်စုံစွာ ရရှိပြီးနောက် စိစစ်ပြီးသည့်နေ့မှစ၍ **၇ ရက်**အတွင်း ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အကြောင်းပြန်ကြားရမည်။

၈။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သည် လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ အပိုဒ်(၃)ပါ သတ်မှတ်ချက်များနှင့်ပြည့်စုံသည့် ရွေးကောက်ပွဲလေ့လာလိုသောအဖွဲ့များအား အသိအမှတ်ပြုလွှာထုတ်ပေးပြီး သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများသို့ အကြောင်းကြားရမည်။ ကော်မရှင်အဖွဲ့ခွဲအသီးသီးသည် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အမည်နှင့် အင်အားစာရင်းများကို ကော်မရှင်သို့ အဆင့်ဆင့်တင်ပြရမည်။

## အသိအမှတ်ပြုလွှာနှင့် သက်သေခံကတ်ပြားထုတ်ပေးခြင်း

၉။ ရွေးကောက်ပွဲလေ့လာခွင့်ရရှိသောအဖွဲ့သည် အသိအမှတ်ပြုလွှာကို ခွင့်ပြုသည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံမှ ထုတ်ယူရမည်။

၁၀။ အသိအမှတ်ပြုလွှာများကို ထုတ်ပေးရာတွင် ကော်မရှင်သည် **ပူးတွဲ (ခ)**ပါ ပုံစံဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် **ပူးတွဲ (ခ-၁)** ပါ ပုံစံဖြင့်လည်းကောင်း ထုတ်ပေးရမည်။

၁၁။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် အသိအမှတ်ပြုလွှာ လျှောက်ထားစဉ် တင်ပြခဲ့သည့် လေ့လာသူအရေအတွက်အတိုင်း သတ်မှတ်ထားသည့် သက်သေခံကတ်ပြား (အလွတ်)များကို ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲထံမှ အသိအမှတ်ပြုလွှာ နှင့်အတူ **ပူးတွဲ ( c)** ပါ ပုံစံပေါ်တွင် လက်မှတ်ရေးထိုး၍ တစ်ပါတည်း ထုတ်ယူနိုင်သည်။

၁၂။ ကော်မရှင်ထံမှ အသိအမှတ်ပြုလွှာရရှိသော ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့သည် အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် သက်သေခံကတ်ပြား(အလွတ်)များ ကို ကော်မရှင်အဖွဲ့ခွဲများတွင် ထုတ်ယူလိုပါက ထုတ်ယူလိုသည့် ကော်မရှင်အဖွဲ့ခွဲနှင့် ထုတ်ယူလိုသည့် အဖွဲ့ဝင်များ၏ အမည်စာရင်းတို့ကို ကော်မရှင်သို့ တင်ပြလျှောက်ထား ရမည်။

၁၃။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အား ကိုယ်စားပြုခွင့်ရှိသူသည် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူတစ်ဦး ချင်းစီ၏ ရောင်စုံပတ်စ်ပို့ ဓာတ်ပုံကပ်ထားသော သက်သေခံကတ်ပြားတွင် ပါဝင်ရမည့် အချက်များမှ **ကတ်ပြားအမှတ်စဉ်နှင့် ထုတ်ပေးသည့်ရက်စွဲမှလွဲ၍** ပြည့်စုံစွာ ဖြည့်သွင်း ရေးသားပြီး ရွေးကောက်ပွဲမကျင်းပမီ (၁၅) ရက် မတိုင်မီအတွင်း ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲထံသို့ အမည်စာရင်းနှင့်အတူ ပြန်လည်ပေးပို့ရမည်။

၁၄။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူတစ်ဦးချင်းစီ၏ ရောင်စုံပတ်စ်ပို့ ဓာတ်ပုံ ကပ်ထားပြီး လက်မှတ်ရေးထိုးထားသော ဝန်ခံကတိပြုလွှာ **ပူးတွဲ(ဃ-၁)**များကို သက်ဆိုင်ရာ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တာဝန်ခံပုဂ္ဂိုလ်က တာဝန်ယူ

ထိန်းသိမ်းထားရမည်။ ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက ကြည့်ရှုရန် တောင်းခံလာပါက (၃) ရက်အတွင်း ပေးပို့ရမည်။

၁၅။ သက်သေခံကတ်ပြားများကို ထုတ်ပေးရာတွင် ကော်မရှင်သည် **ပူးတွဲ (ဂ)**ပါ ပုံစံဖြင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ခွဲများသည် **ပူးတွဲ(ဂ-၁)**ပါ ပုံစံဖြင့်လည်းကောင်း ထုတ်ပေးရမည်။

## သက်သေခံကတ်ပြားတွင် ပါဝင်ရမည့်အချက်များ

၁၆။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ သက်သေခံကတ်ပြားတွင် အောက်ပါ အချက်အလက်များ ပါဝင်ရမည် -

(က) သက်သေခံကတ်ပြား အမှတ်စဉ်နှင့် ရက်စွဲ၊

( ခ ) လေ့လာသူအမည်၊

( ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဃ) အဖွဲ့အမည်၊

( င ) လေ့လာမည့်ဒေသ၊

( စ ) ကုန်ဆုံးမည့်နေ့ရက်၊

(ဆ) လေ့လာသူ၏ ရောင်စုံပတ်စ်ပို့ဓာတ်ပုံ (၁) ပုံ။

## အသိအမှတ်ပြုလွှာ သက်တမ်း

၁၇။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့ထံမှ တရားဝင် အသိအမှတ်ပြုလွှာရရှိပြီးချိန်မှစတင်ပြီး လေ့လာရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၁၈။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ အသိအမှတ်ပြုလွှာသက်တမ်းသည် စတင်ထုတ်ပေးသည့်အချိန်မှစ၍ ရွေးကောက်ပွဲကျင်းပပြီးသည့်နောက် ရက်ပေါင်း (၉၀) အထိ ဖြစ်သည်။

## ရွေးကောက်ပွဲလေ့လာရေးနယ်မြေ

၁၉။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတစ်ခုခုထံ အဆိုပြုတင်ပြထားခဲ့သည့် သတ်မှတ်နယ်မြေ၌သာ ဆောင်ရွက်ရမည်။

## လေ့လာနိုင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ

၂၀။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများသည် အောက်ဖော်ပြပါ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များကို လေ့လာနိုင်သည် -

(က) မဲဆန္ဒနယ်များသတ်မှတ်ခြင်း၊
(ခ) မဲစာရင်းပြုစုခြင်း၊
(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်း၊ ကြေညာခြင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ် ခန့်ထားခြင်း၊
(ဃ) ကိုယ်စားလှယ်လောင်းများ၏အမည်စာရင်း အတည်ပြု ကြေညာခြင်း၊
(င) မဲဆွယ်စည်းရုံးခြင်းနှင့် ရပ်နားသည့်ကာလ၊
(စ) ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးလုပ်ငန်းများ၊
(ဆ) ကြိုတင်ဆန္ဒမဲပေးခြင်း၊
(ဇ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်စာရင်းပြုစုခြင်း၊
(ဈ) ရွေးကောက်ပွဲဆိုင်ရာကုန်ကျစရိတ်များ၊
(ည) ရွေးကောက်ပွဲရလဒ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်း ကြေညာခြင်း၊



# ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ အခွင့်အရေးနှင့်တာဝန်များ

၂၁။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် ယင်းတို့၏ရွေးကောက်ပွဲလေ့လာသူများသည် အောက်ပါအခွင့်အရေးများရှိသည် -

(က) ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လေ့လာခွင့်နှင့် သတင်းအချက်အလက်များ ရယူနိုင်ခွင့်၊

(ခ) မဲပေးခြင်း၊ မဲရေတွက်ခြင်းနှင့် မဲရလဒ်များ စာရင်းပြုစုခြင်းတို့ကို လေ့လာခွင့်၊

(ဂ) မဲရုံအတွင်း ဝင်ရောက်လေ့လာခွင့်၊ (မဲရုံမှူးထံ သတင်းပို့ပြီး မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။)

(ဃ) မဲရုံအတွင်းမှအပ အခြားနေရာများတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို မှတ်တမ်းတင်ရန်အတွက် ပစ္စည်းကိရိယာများ အသုံးပြုခွင့်၊

(င) ရွေးကောက်ပွဲလေ့လာသူများသည် ဥပဒေနှင့်မညီသော ရွေးကောက်ပွဲလုပ်ဆောင်ချက်များအား တွေ့ရှိပါက ကြီးကြပ်ဆောင်ရွက်နေသော ကော်မရှင်အဖွဲ့ခွဲအသီးသီးနှင့် မဲရုံမှူးထံသို့ သိလျှင်သိချင်း အချိန်မီအသိပေး အကြောင်းကြားခွင့်။

၂၂။ အသိအမှတ်ပြုလွှာရရှိသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် အောက်ပါတာဝန်များရှိသည် -

(က) ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများဆိုင်ရာ ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာရန်၊

(ခ) မိမိတို့၏ ရွေးကောက်ပွဲလေ့လာသူများသည် အပိုဒ် ၂၃ တွင် ဖော်ပြထားသည့်အချက်များအတိုင်း လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ကွပ်ကဲရန်၊

(ဂ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့် အခွင့်အာဏာတို့ကို လေးစားရန်၊

(ဃ) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

( င ) ရွေးကောက်ပွဲလေ့လာသူတစ်ဦးချင်းစီ၏ ဝန်ခံကတိပြုလွှာများအား စာရင်းဇယားနှင့်တကွ စနစ်တကျ သိမ်းဆည်းထားရန်၊

( စ ) မိမိတို့အဖွဲ့မှ လေ့လာသူဦးရေနှင့် လေ့လာခဲ့သည့် မဲရုံအလိုက် အင်အား စာရင်း မှန်ကန်ကြောင်း မဲရုံမှူးထံမှ **ပူးတွဲ (စ)**ပါ ပုံစံနှင့် ထောက်ခံချက် ရယူရန်၊

(ဆ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့ထံမှ ထုတ်ယူရရှိသည့် သက်သေခံ ကတ်ပြား(အလွတ်)များ ပျောက်ဆုံးခြင်းမရှိစေရန် အထူးဂရုပြုရမည်။ ပျောက်ဆုံးပါက ထုတ်ယူခဲ့သည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊

( ဇ ) ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲတို့ထံပေးပို့သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များသည် မှန်ကန်မှုရှိစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်၊

( ဈ ) အစီရင်ခံစာရေးသားရာတွင် ဘက်လိုက်မှုမရှိဘဲ ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားရန်၊

(ည) ရွေးကောက်ပွဲလေ့လာရေး အစီရင်ခံစာအား အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည့် ကော်မရှင် သို့မဟုတ် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရန်၊

( ဋ ) ရွေးကောက်ပွဲလေ့လာခြင်းဆောင်ရွက်မည့် မိမိတို့အဖွဲ့ဝင်များ လိုက်နာ စောင့်ထိန်းရမည့် ကျင့်ဝတ်များနှင့် သိသင့်သိထိုက်သော အကြောင်းအရာ များအား ကြိုတင်၍ အသိပညာပေး ဆွေးနွေးထားရန်။

၂၃။ ရွေးကောက်ပွဲလေ့လာသူများသည် အောက်ပါတာဝန်များရှိသည်-

(က) ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများဆိုင်ရာ ကျင့်ဝတ်များကို စောင့် ထိန်းလိုက်နာရန်၊

( ခ ) ကော်မရှင်နှင့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတို့ထံ မိမိလေ့လာမည့် နယ်မြေအလိုက် သတင်းပို့ရန်၊

( ဂ ) လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်နှင့် ရွေးကောက်ပွဲဆိုင်ရာစီမံခန့်ခွဲသူများမှ သက်သေခံကတ်ပြားအား စိစစ်ရန်တောင်းယူပါက ပြသရန်၊

(ဃ) ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၏ အခန်းကဏ္ဍ၊ ရာထူး၊ တာဝန်နှင့်အခွင့်အာဏာတို့ကို လေးစားရန်၊

( င ) ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

( စ ) လေ့လာရာတွင် ဘက်လိုက်မှုမရှိဘဲ လေ့လာရန်၊

(ဆ) မိမိတို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ထံသို့ ပေးပို့သော ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များသည် မှန်ကန်မှုရှိစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ရှိစေရန်၊

( ဇ ) မိမိအားထုတ်ပေးထားသော သက်သေခံကတ်ပြားအား အခြားသူသို့ လွှဲပြောင်းပေးအပ်ခြင်း၊ အသုံးပြုစေခြင်းများ မပြုလုပ်ရန်၊

( ဈ ) မဲရုံအတွင်းလေ့လာရာတွင် သတ်မှတ်ပေးထားသော နေရာမှသာ လေ့လာရန်နှင့် မဲရုံမှူး၏တာဝန်အရ ဆောင်ရွက်မှုအား လေးစားလိုက်နာရန်၊

(ည) မဲဆန္ဒရှင်များ၏ လွတ်လပ်စွာဆန္ဒမဲပေးပိုင်ခွင့်နှင့် လျှို့ဝှက် ဆန္ဒမဲပေးမှုစနစ်တို့အား ထိခိုက်မှုမရှိစေရန်။



၂၄။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် လေ့လာသူတစ်ဦးချင်းစီသည် ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များကို လိုက်နာရမည်။

## အရေးယူခြင်း

၂၅။ အပိုဒ် ၂၂၊ ၂၃ နှင့် ၂၄ ပါ တာဝန်နှင့်လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ သို့မဟုတ် လေ့လာသူတစ်ဦးဦးကို ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ကော်မရှင်အဖွဲ့ခွဲတို့က ခွင့်ပြုချက်ကို ပြန်လည် ရုပ်သိမ်းခွင့်ရှိသည်။

၂၆။ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် ရွေးကောက်ပွဲလေ့လာသူတစ်ဦးသည် တာဝန်နှင့် လိုက်နာရန်ကျင့်ဝတ်များအား ချိုးဖောက်ကျူးလွန်ပါက မဲရုံမှူး၏အမိန့်ဖြင့် တာဝန်ကျ ရဲတပ်ဖွဲ့ဝင် သို့မဟုတ် ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲ၏ လုံခြုံရေး တာဝန်ပေးအပ်ခံရသူ သို့မဟုတ် မဲရုံအဖွဲ့ဝင်တစ်ဦးဦးက ထိုသူအား မဲရုံနှင့် မဲရုံပရိဝုဏ် အတွင်းမှ ချက်ချင်း ဖယ်ရှားနိုင်သည်။ ယင်းသို့ဖယ်ရှားကြောင်းကို သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရမည်။

၂၇။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ယင်းဖြစ်စဉ်ကို အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သော သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲထံသို့ တင်ပြရမည်။

၂၈။ တာဝန်နှင့် လိုက်နာရန်ကျင့်ဝတ်များကို ချိုးဖောက်ကျူးလွန်သော လေ့လာသူအား တိုင်ကြားလိုပါက တိုင်ကြားသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် သို့မဟုတ် အခြားခိုင်လုံသော သက်သေခံအထောက်အထား၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြပြီး လက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲထံ ပေးပို့တိုင်ကြားရမည်။

၂၉။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် တိုင်ကြားစာကို စစ်ဆေးပြီးနောက် ချိုးဖောက်ကျူးလွန်ကြောင်းတွေ့ရှိလျှင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ အစီရင်ခံရမည်။ အကယ်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက အသိအမှတ်ပြုလွှာ ထုတ်ပေးခဲ့သည့် စောင့်ကြည့်လေ့လာရေးအဖွဲ့ သို့မဟုတ် လေ့လာသူ ဖြစ်ပါက မိမိကိုယ်တိုင် အပိုဒ် ၃၀ ပါ အတိုင်း အရေးယူနိုင်သည်။

၃၀။ ကော်မရှင် သို့မဟုတ် အသိအမှတ်ပြုလွှာထုတ်ပေးခဲ့သော ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက တင်ပြလာသည့် အစီရင်ခံစာကို စိစစ်ပြီး မှန်ကန်ကြောင်း တွေ့ရှိပါက အောက်ပါအတိုင်း အရေးယူနိုင်သည် -

(က) ရွေးကောက်ပွဲလေ့လာသူတစ်ဦးက ချိုးဖောက်ကျူးလွန်ခြင်း ဖြစ်လျှင် ၎င်းလေ့လာသူ၏ လေ့လာခွင့်ကို ရုပ်သိမ်းခြင်း၊

(ခ) ယင်းသို့ လေ့လာခွင့်ရုပ်သိမ်းခြင်းကို သက်ဆိုင်ရာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့သို့ အကြောင်းကြားခြင်း၊

(ဂ) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့က ချိုးဖောက်ကျူးလွန်ခြင်း ဖြစ်လျှင် ယင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်း။

## ရွေးကောက်ပွဲလေ့လာရေးအစီရင်ခံစာ

၃၁။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲတို့ထံ ၎င်းတို့၏လေ့လာရေး အစီရင်ခံစာကို ရွေးကောက်ပွဲ ကျင်းပပြီးနောက် ရက်ပေါင်း (၉၀) အတွင်း တင်သွင်းရမည်။ အစီရင်ခံစာတွင် အချက်အလက်များနှင့် သက်သေအထောက်အထားများကို အခြေခံ၍ မှန်ကန်စွာ ရေးသားရမည်။

## နိဂုံး

၃၂။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများသည် ရွေးကောက်ပွဲများကို လေ့လာသုံးသပ်အကဲဖြတ်ပြီး မှန်ကန်၍ ဘက်လိုက်မှုကင်းသည့် အစီရင်ခံစာများ တင်ပြခြင်းဖြင့် ဒီမိုကရေစီစနစ်အတွက် အခြေခံအုတ်မြစ်ဖြစ်သော ရွေးကောက်ပွဲစနစ်ကို ကောင်းမွန်စွာ ရှင်သန်ခိုင်မာစေမည်ဖြစ်ပါသည်။

၃၃။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်၊ သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများက ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဖြစ်ပါသည်။

ပူးတွဲ(က)

# ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏ တရားဝင်အသိအမှတ်ပြုပေးရန် တောင်းခံသည့် လျှောက်လွှာ

၁။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့၏အမည် ..................................

၂။ လိပ်စာ ...................................................................................

၃။ တယ်လီဖုန်း ...............................................................................

၄။ တာဝန်ခံပုဂ္ဂိုလ် ..........................................................................

၅။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်-

(က) အမည် ..................................................................

( ခ ) ရာထူး ..................................................................

( ဂ ) လိပ်စာ ..................................................................

(ဃ) တယ်လီဖုန်း................ အီးမေးလ်လိပ်စာ ....................................

၆။ အဖွဲ့ဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက်..............................................................

.....................................................................................................

.....................................................................................................

.....................................................................................................

၇။ ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်များနှင့် ညှိနှိုင်း၍ ဆက်သွယ် လုပ်ကိုင်မည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ကို ကိုယ်စားပြုခွင့်ရှိသော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များ -

| တိုင်းဒေသကြီး/ ပြည်နယ် | အမည် | ရာထူးအမည် | ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များ (ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာ ....စသည်ဖြင့်) |
|---|---|---|---|
| | | | |
| | | | |

၈။ လေ့လာသူအရေအတွက် .............................................................

၉။ ကျွန်ုပ်တို့၏ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့နှင့် တာဝန်ပေးခန့်အပ်ထားသော ရွေးကောက်ပွဲလေ့လာသူများအားလုံးသည် ရွေးကောက်ပွဲလေ့လာသူများအတွက် လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများနှင့် ကော်မရှင်မှ ထုတ်ပြန်ထားသည့် အခြားညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကျွန်ုပ်ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

ပူးတွဲ(က-၁)

# အဆိုပြုတင်သွင်းသည့် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူစာရင်း

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ..................................................

ဤရွေးကောက်ပွဲလေ့လာသူစာရင်းကို တင်သွင်းသည့်ပုဂ္ဂိုလ်၏ အမည်နှင့် တယ်လီဖုန်းနံပါတ် ..................................................................

(မှတ်ချက် ။ ဤပုဂ္ဂိုလ်သည် ကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ၏ အသိအမှတ်ပြုလွှာရရှိထားသော ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့မှ ခွင့်ပြုထားသည့် ပုဂ္ဂိုလ်ဖြစ်ရပါမည်။)

| အမှတ်စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | လိပ်စာအပြည့်အစုံ | ဆက်သွယ်နိုင်မည့်တယ်လီဖုန်း | လေ့လာမည့် ဒေသ | သက်သေခံကတ်ပြားထုတ်ယူမည့်နေရာ |
|---|---|---|---|---|---|---|
| | | | | | | |
| | | | | | | |

အဆိုပြုတင်ပြထားသော ရွေးကောက်ပွဲလေ့လာသူများသည် ရွေးကောက်ပွဲလေ့လာသူများအတွက် လိုက်နာရမည့်ကျင့်ဝတ်စည်းကမ်းများနှင့် ကော်မရှင်မှ ထုတ်ပြန်ထားသည့် အခြားညွှန်ကြားချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကျွန်ုပ်ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

ပူးတွဲ(ခ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့
## အသိအမှတ်ပြုလွှာ

(အမှတ်စဉ် ...............၊ ရက်စွဲ ..................)

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲလေ့လာရန်အတွက် အောက်ပါ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ခွင့်ပြုကြောင်း ဤအသိအမှတ်ပြုလွှာကို ထုတ်ပေးလိုက်သည် -

| | | |
|---|---|---|
| အဖွဲ့အမည် | : | ............................................. |
| | | ............................................. |
| လိပ်စာ | : | ............................................. |
| | | ............................................. |
| တာဝန်ခံပုဂ္ဂိုလ် | : | ............................................. |
| ဆက်သွယ်ရန် | : | ဖုန်း.................. Email .................. |
| လေ့လာမည့်ဒေသ | : | ............................................. |
| ကုန်ဆုံးမည့်နေ့ရက် | : | ........................................ |

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပူးတွဲ(ခ- ၁)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# ---------- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
# ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ

## ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့
## အသိအမှတ်ပြုလွှာ

(အမှတ်စဉ် ................၊ ရက်စွဲ ...................)

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲလေ့လာရန်အတွက် အောက်ပါ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အား ခွင့်ပြုကြောင်း ဤအသိအမှတ်ပြုလွှာကို ထုတ်ပေးလိုက်သည် -

| | | |
|---|---|---|
| အဖွဲ့အမည် | : | ............................................... |
| | | ............................................... |
| လိပ်စာ | : | ............................................... |
| | | ............................................... |
| တာဝန်ခံပုဂ္ဂိုလ် | : | ............................................... |
| ဆက်သွယ်ရန် | : | ဖုန်း................... Email .................. |
| လေ့လာမည့်ဒေသ | : | ................................................ |
| ကုန်ဆုံးမည့်နေ့ရက် | : | ........................................... |

ဥက္ကဋ္ဌ

.......................... ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

ပူးတွဲ(၈)

## ပြည်တွင်းလေ့လာသူများသို့ ထုတ်ပေးမည့် သက်သေခံကတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ**
**ရွေးကောက်ပွဲလေ့လာသူ သက်သေခံကတ်ပြား**

(ကတ်အမှတ်စဉ် ...........၊ ရက်စွဲ ................)

| | | |
|---|---|---|
| အမည် | : | .................................... |
| နိုင်ငံသားစိစစ်ရေး | | |
| ကတ်ပြားအမှတ် | : | .................................... |
| အဖွဲ့အမည် | : | .................................... |
| လေ့လာမည့်ဒေသ | : | .................................... |
| ကုန်ဆုံးမည့်နေ့ရက် | : | .................................... |

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

( ဤကတ်ပြားအား မသက်ဆိုင်သူများသို့ လွှဲပြောင်းခြင်းမပြုရ )

ပူးတွဲ (၈-၁)

## ပြည်တွင်းလေ့လာသူများသို့ ထုတ်ပေးမည့် သက်သေခံကတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**---------- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ**
**၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ**
**ရွေးကောက်ပွဲလေ့လာသူ သက်သေခံကတ်ပြား**

(ကတ်အမှတ်စဉ် ...........၊ ရက်စွဲ ................)

အမည် : ....................................

နိုင်ငံသားစိစစ်ရေး

ကတ်ပြားအမှတ် : ....................................

အဖွဲ့အမည် : ....................................

လေ့လာမည့်ဒေသ : ....................................

ကုန်ဆုံးမည့်နေ့ရက် : ....................................

ဥက္ကဋ္ဌ

--------------------------- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

( ဤကတ်ပြားအား မသက်ဆိုင်သူများသို့ လွှဲပြောင်းခြင်းမပြုရ )

(သက်သေခံကတ်ပြား၏နောက်ကျောဘက်တွင်)

## ရွေးကောက်ပွဲလေ့လာသူများလိုက်နာရန်

၁။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုရန်နှင့် တည်ဆဲဥပဒေများ၊ နည်းဥပဒေများကို လိုက်နာရန်၊

၂။ လေ့လာနေစဉ်တစ်လျှောက်လုံး သက်သေခံကတ်ပြားကို ချိတ်ဆွဲထားရန်၊

၃။ ဒေသဓလေ့နှင့် ယဉ်ကျေးမှုကို လေးစားရန်၊

၄။ တရားဝင်အသိအမှတ်ပြုခြင်းခံရသည့် ရွေးကောက်ပွဲလေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသည့် ရွေးကောက်ပွဲလေ့လာသူများ လိုက်နာရမည့် ကျင့်ဝတ်များအတိုင်း လိုက်နာဆောင်ရွက်ရန်။

ပူးတွဲ (ဃ)

## ...................................... အဖွဲ့
## ဝန်ခံကတိပြုလွှာ

၁။ ကျွန်ုပ်တို့အဖွဲ့သည် ၂၀၂၀ ပြည့်နှစ်၊ ...... လ ..... ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို လေ့လာမည်ဖြစ်ပါသည်။

၂။ ကျွန်ုပ်တို့အဖွဲ့သည် မည်သည့်နိုင်ငံရေးပါတီနှင့်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်းနှင့်သော်လည်းကောင်း၊ ယင်းကိုယ်စားလှယ်လောင်းနှင့် ဆက်စပ်ပတ်သက်သော မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း လုံး၀(လုံး၀) သက်ဆိုင်ခြင်း မရှိပါ။

၃။ ကျွန်ုပ်တို့အဖွဲ့သည် ဤကျင့်ဝတ်ကိုလိုက်နာ၍ သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများကို ပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနှောင့်အယှက်အဟန့်အတားဖြစ်စေမည့် ကိုယ်ကျိုးဆောင်ရွက်ခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ ကျွန်ုပ်တို့အဖွဲ့သည် ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့အဖွဲ့တွင် တာဝန်ပေးခန့်အပ်ထားသော ရွေးကောက်ပွဲလေ့လာသူများသည် ဤကျင့်ဝတ်များကို လိုက်နာပါမည်ဟုလည်းကောင်း၊ ဤကျင့်ဝတ်များနှင့်အညီ ပြုမူဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

လက်မှတ် ။.........................................

အမည် ။.........................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ်။..............................

ရက်စွဲ ။.........................................

ပူးတွဲ (ဃ-၁)

.................................... အဖွဲ့က

**တာဝန်ပေးခန့်အပ်ထားသည့် ပြည်တွင်းရွေးကောက်ပွဲလေ့လာသူ**

**ဝန်ခံကတိပြုလွှာ**

ဓာတ်ပုံ

၁။ ကျွန်ုပ်သည် ၂၀၂၀ ပြည့်နှစ်၊ ...... လ ..... ရက်နေ့တွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကို လေ့လာမည်ဖြစ်ပါသည်။

၂။ ကျွန်ုပ်သည် မည်သည့်နိုင်ငံရေးပါတီနှင့်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် ဆက်စပ်ပတ်သက်သော အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်းကောင်း၊ မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့်သော်လည်းကောင်း၊ ယင်းကိုယ်စားလှယ်လောင်း နှင့် ဆက်စပ်ပတ်သက်သော မည်သည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်သော်လည်း ကောင်း လုံးဝ(လုံးဝ) သက်ဆိုင်ခြင်း မရှိပါ။

၃။ ကျွန်ုပ်သည် ဤကျင့်ဝတ်ကိုလိုက်နာ၍ သမာသမတ်ကျသော၊ ဘက်မလိုက်သော၊ တိကျမှန်ကန်သော လေ့လာမှုများကို ပြုလုပ်မည်ဖြစ်ပြီး ရွေးကောက်ပွဲတွင် အနှောင့် အယှက် အဟန့်အတား ဖြစ်စေမည့် ကိုယ်ကျိုးဆောင်ရွက်ခြင်း ပြုလုပ်မည်မဟုတ်ပါ။

၄။ ကျွန်ုပ်သည် ကော်မရှင်က ထုတ်ပြန်ထားသော ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များကို ဖတ်ရှုနားလည်ပြီး ဖြစ်ပါသည်။ ကျွန်ုပ်သည် ဤကျင့်ဝတ်များနှင့်အညီ ပြုမူလိုက်နာ ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိပြုပါသည်။

လက်မှတ် ၊...........................................

အမည် ၊...........................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊...............................

ရက်စွဲ ၊...........................................

ပူးတွဲ(င)

# သက်သေခံကတ်ပြား(အလွတ်)များ
# လက်ခံရရှိကြောင်းပုံစံ

သက်သေခံကတ်ပြား(အလွတ်) .......................... ကတ်အား လက်ခံရရှိပါသည်။ သက်သေခံကတ်ပြားများအား ရေးသွင်းဖြည့်စွက်ပြီးပါက စိစစ်ခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် ရုံးတံဆိပ်ရိုက်နှိပ်ခြင်းများ ဆောင်ရွက်ရန် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသို့ ပြန်လည် တင်သွင်းမည်ဖြစ်ပါသည်။ ပိုလျှံသည့် သက်သေခံကတ်ပြား (အလွတ်)များနှင့် ပျက်စီးသွားသည့် သက်သေခံကတ်ပြားများအား စာရင်းဇယားနှင့် တကွပြန်လည် အပ်နှံသွားမည် ဖြစ်ကြောင်း ဝန်ခံကတိပြုပါသည်။

တာဝန်ခံပုဂ္ဂိုလ်

လက်မှတ် ၊.............................................

အမည် ၊................................................

နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၊...........................

ဆက်သွယ်ရမည့် ဖုန်းနံပါတ် ၊.............................

E-mail လိပ်စာ ၊........................................

အဖွဲ့အမည် ၊.............................................

.............................................

ရက်စွဲ ၊.................................................

ပူးတွဲ(စ)

## ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ
## ......................................................အဖွဲ့က
## လေ့လာသူဦးရေနှင့် လေ့လာခဲ့သည့်မဲရုံ မှန်ကန်ကြောင်းထောက်ခံစာ

........................................................................................ စောင့်ကြည့်လေ့လာရေးအဖွဲ့မှလေ့လာရေးအဖွဲ့ဝင် ................................................. ဦးရေသည် ............................. တိုင်းဒေသကြီး/ပြည်နယ်၊ .................................................... ခရိုင်၊ ................................................................. မြို့နယ်၊...........................ရပ်ကွက်/ကျေးရွာအုပ်စုရှိ မဲရုံအမှတ်၊ ............. သို့ ရောက်ရှိလေ့လာခဲ့သည်မှာ မှန်ကန်ကြောင်း ထောက်ခံအပ်ပါသည်။

မဲရုံမှူး သို့မဟုတ် ဒုတိယမဲရုံမှူး

လက်မှတ် ၊.....................................................

အမည် ၊........................................................

တိုင်းဒေသကြီး/ပြည်နယ် ၊..................................

မြို့နယ် ၊.......................................................

ရပ်ကွက်/ကျေးရွာအုပ်စု ၊...................................

........................................

မဲရုံအမှတ် ၊.....................................................

ရက်စွဲ ၊........................................................

# ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များ

၁။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများနှင့် တာဝန်များကို လည်းကောင်း လေးစားကြရမည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဥပဒေများနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို လေးစားလိုက်နာကြရမည်။

(ဂ) ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကင်းရှင်းရမည်။

(ဃ) ဘက်လိုက်မှုမရှိစေရန် စောင့်ထိန်းကြရမည်။

(င) နိုင်ငံရေးပါတီတစ်ခုခု သို့မဟုတ် ရွေးကောက်ပွဲဝင် ကိုယ်စားလှယ် လောင်းတစ်ဦးဦးအား ထောက်ခံအားပေးခြင်း၊ ဆန့်ကျင်ကန့်ကွက်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း ပြုရာရောက်သည့် အပြောအဆို၊ အပြုအမူ မပြုရ။ ထိုသို့ အဓိပ္ပါယ်သက်ရောက်စေမည့် အဝတ်အစား၊ သင်္ကေတ၊ အမှတ် တံဆိပ် စသည်တို့ကိုလည်း ဝတ်ဆင်ခြင်း၊ ကိုင်ဆောင်ခြင်း မပြုရ။

(စ) လျှို့ဝှက်ဆန္ဒမဲပေးမှုစနစ်ကို ထိန်းသိမ်းသောအားဖြင့် ဆန္ဒမဲပေးပြီးသော မဲဆန္ဒရှင်တစ်ဦးအား မဲရုံပရိဝုဏ်မှ ၁၅ ကိုက်အတွင်း မည်သူ့ကိုမဲပေးခဲ့ ကြောင်း မေးမြန်းခြင်း မပြုရ။

(ဆ) ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို လေးစားရမည်။

(ဇ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲအသီးသီးက ထုတ်ပေးထားသည့် သက်သေခံကတ်ပြားများကို ရွေးကောက်ပွဲလေ့လာနေစဉ်အတွင်း ချိတ်ဆွဲထားရမည်။

(ဈ) ရွေးကောက်ပွဲလေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း လက်နက် များ၊ ပေါက်ကွဲစေသောပစ္စည်းများ ယူဆောင်ခြင်း မပြုရ။

(ည) ရွေးကောက်ပွဲစီမံခန့်ခွဲသူများနှင့် မဲဆန္ဒရှင်များ၏ တာဝန်နှင့် ရပိုင်ခွင့်ကို လွှမ်းမိုးသက်ရောက်စေသော လှုံ့ဆော်မှုများကို မပြုလုပ်ရ။

( ဋ ) မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ မဲရလဒ်များထုတ်ပြန်ခြင်း တို့နှင့်စပ်လျဉ်း၍ ဝင်ရောက် စွက်ဖက်ခြင်း မပြုရ။

( ဌ ) မိမိတို့၏တာဝန်ကို စေတနာပြည့်ဝစွာနှင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

( ဍ ) အစီရင်ခံစာများကို မှန်ကန်ရိုးသားစွာ တင်ပြရမည်။

( ဎ ) အခြားရွေးကောက်ပွဲလေ့လာသူများကို အလေးထားပြီး ပူးပေါင်းဆောင်ရွက်ခြင်း၊ သတင်းအချက်အလက်များ ဖလှယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

(ဏ) ရွေးကောက်ပွဲအငြင်းပွားမှုများတွင် တာဝန်ရှိသူများက အဆုံးအဖြတ်ပြုရန် ဆောင်ရွက်ရာ၌ ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။

(တ) မဲရုံအတွင်းတွင် လျှို့ဝှက်ဆန္ဒမဲပေးမှုစနစ်ကို မထိခိုက်စေရန်အတွက် မဲရုံမှူး၏ တာဝန်အရ ဆောင်ရွက်ခြင်းကို လိုက်နာရမည်။

၂။ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များသည် -

(က) ရွေးကောက်ပွဲလေ့လာရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ သဘောထားအမြင်များကို ထုတ်ပြန်ရာတွင် ၎င်းတို့၏ ပြောရေးဆိုခွင့်ရ ပုဂ္ဂိုလ်များကသာ လုပ်ဆောင်ကြရမည်။

( ခ ) မိမိတို့၏ လေ့လာရေးအဖွဲ့ဝင်များအား လိုက်နာရန် ကျင့်ဝတ်စည်းကမ်းများ၊ ရွေးကောက်ပွဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် မသန်စွမ်းသူများ လွယ်ကူအဆင်ပြေစွာ၊ လျှို့ဝှက်လုံခြုံစွာ မဲပေးနိုင်ရေးများကို သိရှိနားလည်ရေးအတွက် ပညာပေးခြင်း၊ သင်တန်းပို့ချပေးခြင်းများ ပြုလုပ်ပေးရန် တာဝန်ရှိသည်။

၃။ ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ တာဝန်ခံများနှင့် ကြီးကြပ်သူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က အခါအားလျော်စွာ ပြုလုပ်သော ညွှန်ကြားချက်များနှင့် သတင်းအချက်အလက်များ ရှင်းလင်းတင်ပြသည့် အခမ်းအနားများသို့ တက်ရောက်ရန် တာဝန်ရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ

## လေ့လာခြင်းဆိုင်ရာလုပ်ငန်းလမ်းညွှန် နှင့်
## ပြည်တွင်း ရွေးကောက်ပွဲလေ့လာသူများ၏ ကျင့်ဝတ်များ




STEP DEMOCRACY
ရှေ့သို့မြန်မာ

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE
25 ANNIVERSARY 1995-2020

Funded by
EUROPEAN UNION